Forum for Democracy in Burma

# မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု eBulletin

၁ အောက်တိုဘာ ၂၀၀၄ | အပတ်စဉ် သတင်းလွှာ | အမှတ် ၁/ ၂၀၀၄

## “မြန်မာနိုင်ငံ ဒီမိုကရက်တစ်အင်အားစု” (Forum for Democracy in Burma) လုပ်ငန်းမူဝါဒ ၄ ရပ်

- ❖ ဒီမိုကရေစီအင်အားစုများအတွင်း စုစည်းညီညွတ်စွာဖြင့် အားကောင်းသည့် နိုင်ငံရေးလှုပ်ရှားမှုများ ဖော်ဆောင်ရန်။
- ❖ ဒီမိုကရေစီအင်အားစုများအနေဖြင့် လူထုအခြေခံ ဖော်ထုတ်ရေးနှင့် လူထုပါဝင်မှုများမြှင့်တင်သွားရန်။
- ❖ ဒီမိုကရေစီအင်အားစုများနှင့် တိုင်းရင်းသား အင်အားစုများအကြား ယုံကြည်မှုတည်ဆောက်ရေး လုပ်ငန်းများအား တိုးမြှင့် ဆောင်ရွက်သွားရန်။
- ❖ မြန်မာ့နိုင်ငံရေးဖြစ်စဉ်အတွင်း အမျိုးသမီးများ၏ အခန်းကဏ္ဍကို အဆင့်တိုင်းတွင် အလေးထား၍မြှင့်တင်သွားရန်။

## “ဂျပန်နိုင်ငံရှိ အင်အားစုအဖွဲ့ဝင်၏ လှုပ်ရှားမှု”



ချီတက်လာသော ဆန္ဒပြသူများ

၁၆ နှစ်မြောက် ရှစ်လေးလုံးအထိမ်းအမှတ် ချီတက်ဆန္ဒပြပွဲတရပ်ကို ၂၀၀၄ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့က ဂျပန်နိုင်ငံတွင် ပြုလုပ်ခဲ့သည်။ အင်အား ၂၀၀ နီးပါးခန့် ပါဝင်လှုပ်ရှားခဲ့သည့် အဆိုပါ ချီတက်ဆန္ဒပြပွဲတွင် မြန်မာ့ဒီမိုကရေစီအဖွဲ့ချုပ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ဂျပန်ဌာနခွဲ၊ ဂျပန်နိုင်ငံရောက် မြန်မာ့ဒီမိုကရေစီရေး လှုပ်ရှားနေသူများအပြင် ဂျပန် အလုပ်သမားသမဂ္ဂအချို့လည်း ပူးပေါင်းပါဝင်ခဲ့သည်။

ချီတက်ဆန္ဒပြပွဲကို နေ့လည် ၁ နာရီတွင် စတင်ခဲ့ပြီး ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံရုံးရှေ့သို့ ချီတက် ဆန္ဒပြခဲ့ခြင်းဖြစ်သည်။ ညနေ ၄ နာရီမှ ၅ နာရီအထိ ထိုသံရုံးရှေ့တွင် ၁၆ နှစ်မြောက် ရှစ်လေးလုံးအထိမ်းအမှတ် အခမ်းအနားကို ကျင်းပခဲ့သည်။ အဆိုပါ အခမ်းအနားတွင် မြန်မာနိုင်ငံ အလုပ်သမားသမဂ္ဂများအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးလှဦးက အမှာစကား ပြောကြားခဲ့ပြီး



အင်အားစုအဖွဲ့ဝင်တစ်ဦးဖြစ်သူ ကိုဖုန်းမြင့်ထွန်း သဝဏ်လွှာ ဖတ်ကြားနေစဉ်

နောက် အဖွဲ့အစည်းအသီးသီးမှ ပေးပို့လာသော သဝဏ်လွှာများ ကျေညာချက်များကို ဖတ်ကြားခဲ့သည်။ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်၏ နိုင်ငံခြားရေးရာကော်မတီဝင် တစ်ဦးဖြစ်သည့် ကိုဘုန်းမြင့်ထွန်းကလည်း ထိုင်း–မြန်မာနယ်စပ်အခြေစိုက် မြန်မာနိုင်ငံ ဒီမိုကရက်တစ်အင်အားစု၏ ကြေညာချက်သဝဏ်လွှာကို ဖတ်ကြားခဲ့သည်။ ။

## “အိန္ဒိယတွင်ကျင်းပသည့် မြန်မာ့အရေးဆွေးနွေးပွဲ မြန်မာနိုင်ငံ ဒီမိုကရက်တစ်အင်အားစု၏ အထွေထွေအတွင်းရေးမှူးချုပ် တက်ရောက်”

“Indo-Myanmar Relations: Strengthening Civil Society Initiative” ခေါင်းစဉ်ဖြင့် မြန်မာ့ဒီမိုကရေစီအရေး ဆွေးနွေးပွဲတရပ်ကို အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့တွင် ၂၀၀၄ ခုနှစ် စက်တင်ဘာ ၁၇ ရက် မှ ၁၈ ရက်နေ့အထိ နှစ်ရက်ကြာ ကျင်းပခဲ့သည်။ အဆိုပါဆွေးနွေးပွဲတွင် လက်ရှိ အာဏာရပါတီ (ကွန်ဂရက်– အိုင်) ၏ ပြောရေးဆိုခွင့်ရှိသူ ရှရီအနီးလ် ရှက်စရီက “မစ္စက်ဆိုနီယာဂန္ဒီ ဦးဆောင်တဲ့ ကျနော်တို့ ကွန်ဂရက်အိုင်ပါတီနဲ့ မြန်မာ့ဒီမိုကရေစီအရေးအတွက် အိန္ဒိယဘက်က ကြိုးပမ်းမှုမှန်သမျှ ထောက်ခံပါတယ်။ နောက်ပြီး မြန်မာ့ဒီမိုကရေစီအရေးအတွက် နှစ်ရှည်ခရီး ဖွဲ့ရှိရှိနဲ့ ဦးဆောင်တိုက်ပွဲဝင်နေတဲ့ ဒေါ်အောင်ဆန်းစုကြည်ကိုလည်း ကျနော်တို့က အလွန်ပဲ လေးစားပါတယ်။ ဒါပေမယ့် သူမဟာ ကံမကောင်း အကြောင်းမလှစွာ ချုပ်နှောင်ခြင်း ခံနေရပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ဟာ မဟာလူသားဖြစ်လို့ နိုဗယ်ဆု ရရှိခဲ့တာပါ” ဟု ပြောကြားသွားသည်။ အိန္ဒိယနိုင်ငံ၏ မာ့က်စ် ကွန်မြူနစ်ပါတီ (CPI-M) ကလည်း အိန္ဒိယအနေဖြင့် မြန်မာ့ဒီမိုကရေစီအရေးကို လစ်လျူရှု၍မရကြောင်း၊ ထို့ကြောင့် အားသွန်ခွန်စိုက် ထောက်ခံရမည်ဖြစ်ကြောင်း ထည့်သွင်းရေးသားထားသည့် သဝဏ်လွှာတစ်စောင်ကို ပေးပို့ခဲ့သည်။

ဆွေးနွေးပွဲပထမနေ့တွင် ပြည်ပရောက်မြန်မာ့အတိုက်အခံများမှ အဓိက ဦးဆောင်ဆွေးနွေးခဲ့ကြသည်။ မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု အထွေထွေအတွင်းရေးမှူးချုပ် **ဒေါက်တာနိုင်အောင်** က ‘*နိုင်ငံတကာ အသိုင်းအဝိုင်းအနေနဲ့ မြန်မာပြည်က အောက်ခြေပြည်သူတွေကို မမေ့ကြဖို့ လိုပါတယ်။ အောက်ခြေက အများပြည်သူတွေဟာ ငြိမ်းချမ်းတဲ့ ဘဝလေးတွေကို လိုချင်တောင့်တကြပါတယ်*’ ဟု ပြောဆိုသွားပါသည်။

ထို့ပြင် ကရင်အမျိုးသားအစည်းအရုံး (KNU) ၏ ပြောရေးဆိုခွင့်ရှိသူ ပဒိုဒေးဗစ်ထော၊ ပြည်ပရောက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် (UNLD) ၏ အထွေထွေအတွင်းရေးမှူး ဆလိုင်းလျန်မှုန်းဇာခေါင်၊ ရခိုင်အမျိုးသားကွန်ဂရက် (ANC) ၏ ပြောရေးဆိုခွင့်ရှိသူ ကိုညီညီလွင်တို့လည်း ပါဝင်ဆွေးနွေးခဲ့ကြောင်းသိရှိရသည်။ ဤဆွေးနွေးပွဲကို Other Media နှင့် Mizzima News Group တို့မှ တာဝန်ယူ ကျင်းပခဲ့ခြင်းဖြစ်သည်။ ။ *(DVB; Mizzima News Agency)*

## “နေ့စွဲမှတ်တမ်း”

| | | |
|---|---|---|
| **ဇန်နဝါရီလ ၂ ရက်နေ့ မှ ဖေဖော်ဝါရီလ ၂၂ ရက်နေ့** | – | ခေါင်းဆောင်များအကြား အလွတ်သဘော အကြိုညှိနှိုင်းဆွေးနွေးပွဲများ ပြုလုပ်။ |
| **ဖေဖော်ဝါရီလ ၂၃ ရက်နေ့ မှ ဖေဖော်ဝါရီလ ၂၆ ရက်** | – | အဖွဲ့ခြောက်ဖွဲ့နှင့် အေအေပီပီမှ တသီးပုဂ္ဂလများပါဝင်သည့် ပထမအကြိမ် စည်းဝေးပွဲပြုလုပ်။ ထိုစည်းဝေးပွဲမှ လက်ရှိအမည်ဖြစ်သည့် **မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု (Forum for Democracy in Burma - FDB)** ကို သတ်မှတ်ရွေးချယ်ခဲ့။ ဤအစည်းအဝေးမှပင် အင်အားစု၏ အမြင့်ဆုံး အာဏာပိုင်အဖွဲ့ဖြစ်သည့် ‘မူဝါဒဦးဆောင်အဖွဲ့’ အား အဖွဲ့ဝင် ၂၇ ယောက်ဖြင့် စတင်ဖွဲ့စည်းခဲ့။ |
| **မတ်လ ၇ ရက်နေ့ မှ ဇူလိုင်လ ၉ ရက်နေ့** | – | မူဝါဒနှင့် လုပ်ငန်းစဉ်များ ညှိနှိုင်းချမှတ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ခဲ့။ |
| **ဧပြီလ ၂၀ – ၂၁ ရက်** | – | ဒုတိယအကြိမ် ‘မူဝါဒဦးဆောင်အဖွဲ့’ အစည်းအဝေး ပြုလုပ်ခဲ့။ |
| **ဇူလိုင်လ ၁၀ – ၁၂ ရက်** | – | မဟာဗျူဟာမြောက် လုပ်ငန်းစီမံကိန်းများ ရွေးချယ်ချမှတ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ခဲ့။ |
| **ဇူလိုင်လ ၁၃ – ၁၄ ရက်** | – | တတိယအကြိမ် ‘မူဝါဒဦးဆောင်အဖွဲ့’ အစည်းအဝေးအား ပြုလုပ်ခဲ့။ ထို အစည်းအဝေးမှနေ၍ နှစ်နှစ်အတွင်း အကောင်အထည်ဖော်မည့် လုပ်ငန်းစီမံကိန်း ရည်မှန်းချက်သုံးရပ်အား ချမှတ်အတည်ပြုခဲ့။ ထိုအစည်းအဝေးမှပင် ‘မူဝါဒ ဦးဆောင်အဖွဲ့’ အား အဖွဲ့ဝင် ၂၅ ယောက်ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့။ |
| **ဇူလိုင်လ ၂၀ – ဩဂုတ်လ ၁၁ ရက်** | – | အင်အားစု၏ မဟာဗျူဟာမြောက် လုပ်ငန်းစီမံကိန်းများ ရေးဆွဲခဲ့။ |
| **ဩဂုတ်လ ၁၂ – ၁၃ ရက်** | – | ‘မူဝါဒဦးဆောင်အဖွဲ့’ ကြားဖြတ်အစည်းအဝေးပြုလုပ်ပြီး ရေးဆွဲထားသည့် လုပ်ငန်းစီမံကိန်းများအား ဆွေးနွေး အတည်ပြုခဲ့။ |

## “မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု၏ ဖွဲ့စည်းပုံ”

### မူဝါဒဦးဆောင်အဖွဲ့ (Policy Forum)

၁။ မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး
- ကိုသံခဲ
- ကိုမျိုးဝင်း
- ကိုကျော်ကို
- ကိုကျော်သူရ

၂။ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်– (နိုင်ငံခြားရေးရာကော်မတီ)
- ကိုမင်းနိုင်
- ကိုသားညွန့်ဦး
- ကိုဇော်ထွန်း
- ကိုကျော်ကျော်သိန်း

၃။ မြန်မာ့အမျိုးသမီးသမဂ္ဂ
- မိဆူးပွင့်
- မနန်းယဉ်
- မခင်ဉမ္မာ
- မငွေ

၄။ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ
- ကိုအောင်မိုးဇော်
- ကိုအောင်သူငြိမ်း
- ကိုငွေလင်း
- ကိုမင်းလွင်
- ကိုတိုးတိုးထွန်း

၅။ ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု
- ကိုကျော်ကျော်
- စိုင်းမြင့်သူ
- ကိုငွေအောင်
- ကိုနိုင်အောင်

၆။ ပြည်သူ့ကာကွယ်ရေးတပ်
- ကိုကျော်ထက်
- ကိုငြိမ်း

၇။ တသီးပုဂ္ဂလများ
- ကိုတိတ်နိုင်
- ကိုရဲ

### အတွင်းရေးမှူးအဖွဲ့

| | |
|---|---|
| ၁။ ကိုနိုင်အောင် | အထွေထွေအတွင်းရေးမှူးချုပ် |
| ၂။ ကိုကျော်ကို | ဒုတိယ အထွေထွေအတွင်းရေးမှူးချုပ် |
| ၃။ မနန်းယဉ် | ဒုတိယ အထွေထွေအတွင်းရေးမှူးချုပ် |
| ၄။ ကိုအောင်သူငြိမ်း | အတွင်းရေးမှူး (နိုင်ငံတကာဆက်ဆံရေး) |
| ၅။ ကိုကျော်သူရ | ဒုတိယအတွင်းရေးမှူး |
| ၆။ ကိုရဲ | အတွင်းရေးမှူး (သတင်းနှင့် ပြန်ကြားရေး) |
| ၇။ ကိုကျော်ကျော်သိန်း | ဒုတိယအတွင်းရေးမှူး |
| ၈။ ကိုငြိမ်းချမ်း | အတွင်းရေးမှူး (ပြည်တွင်းလုပ်ငန်း) |
| ၉။ ကိုအောင်လွင် | ဒုတိယအတွင်းရေးမှူး |

## “ဒီမိုကရေစီလူ့အဖွဲ့အစည်းအတွင်း တပ်မတော်၏ အခန်းကဏ္ဍ”




*ဆရာဝေလင်းက လူထုအဓိက လူ့အဖွဲ့အစည်းဘာသာရပ်ကို ပို့ချနေစဉ်*



*သင်တန်းတက်ရောက်သူများ*

မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (မကဒတ) (ABSDF) နှင့် မြန်မာနိုင်ငံရှေ့နေများကောင်စီ (Burma Lawyers' Council) တို့ ညှိနှိုင်းပူးပေါင်းဆောင်ရွက်သော “*ဒီမိုကရေစီလူ့အဖွဲ့အစည်းအတွင်း တပ်မတော်၏အခန်းကဏ္ဍအား ဖွဲ့စည်းပုံအခြေခံဥပဒေရှုထောင့်မှ ချဉ်းကပ်ခြင်း*” ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲတစ်ခုအား ၂၀၀၄ ခုနှစ် ဇူလိုင်လ ၅ ရက်မှ ၁၇ ရက်နေ့အထိ စစ်ရုံးချုပ် အခြေပြုရာ ဗဟိုဌာနချုပ်တွင် ပြုလုပ်ခဲ့သည်။ အဆိုပါသင်တန်းသို့ မကဒတ မှ ဗဟိုကော်မတီဝင်များနှင့် တပ်မှူးများ စုစုပေါင်း ၂၇ ဦး၊ မဟာမိတ်အဖွဲ့အစည်း အသီးသီးမှ ၁၀ ဦး စုစုပေါင်း ၃၇ ဦး တက်ရောက်ခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် လူထုအဓိက လူ့အဖွဲ့အစည်းဘာသာရပ်၊ တပ်မတော်ဥပဒေနှင့် နည်းဥပဒေများဘာသာရပ်၊ ဒီမိုကရက်တစ်လူ့ဘောင်တွင် စစ်တပ်နှင့် အခြားလုံခြုံရေးတပ်ဖွဲ့များ၏ အခန်းကဏ္ဍ၊ စစ်ဘက်နှင့် အရပ်ဘက်၏ ဆက်ဆံရေးနှင့် လူ့အဖွဲ့အစည်း၏ လုံခြုံရေးဆိုင်ရာများ ဘာသာရပ်တို့ကို ဆွေးနွေးပို့ချခဲ့သည်။ ။

■

## “တပ်မှူးငယ်သင်တန်း”



*မကဒတထူထောင်ခြင်း ၁၅ နှစ်ပြည့် စစ်ရေးပြအခမ်းအနား ပြုလုပ်စဉ်*

မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF) ဗဟိုစစ်ကော်မရှင်၏ ကြီးကြပ်မှုဖြင့် စစ်ရုံးချုပ်မှ ဦးစီးဖွင့်လှစ်သော တပ်မှူးငယ်သင်တန်း အမှတ်စဉ် ၃/၂၀၀၄ ကို ၂၀၀၄ ခုနှစ် ဩဂုတ်လ ၃ ရက်နေ့တွင် ဥက္ကဋ္ဌ ရဲဘော်သံခဲက သင်တန်းဖွင့်အမှာစကား ပြောကြားပြီး ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းသို့ တပ်ရင်းတပ်ဖွဲ့အသီးသီးမှ စုစုပေါင်းသင်တန်းသား ၃၈ ဦး တက်ရောက်ခဲ့သည်။

သင်ကြားပို့ချခဲ့သည့်ဘာသာရပ်များမှာ နိုင်ငံရေးနှင့် သဘောတရားရေး ဘာသာရပ်၊ အခြေခံစစ်ရေးပြဘာသာရပ်၊ မြေပုံဘာသာရပ်၊ ပြောက်ကျားစစ်ဗျူဟာ၊ စစ်ဖက်ခေါင်းဆောင်မှုနှင့် ဦးစီးကွပ်ကဲမှုဘာသာရပ်တို့ဖြစ်သည်။

■

## “တရားဥပဒေစိုးမိုးရေး ဆွေးနွေးပွဲ”



*ဦးဆောင်ဆွေးနွေးသူနှင့် တက်ရောက်သူများ*

ပြည်သူ့ကာကွယ်ရေးတပ် (People’s Defence Force) ဗဟိုရုံးတွင် တရားဥပဒေစိုးမိုးရေးဘာသာရပ် ရုံးတွင်းဆွေးနွေးပွဲကို စက်တင်ဘာ ၂၀ ရက်နေ့မှ ၂၃ ရက်နေ့အထိ ပြုလုပ်ခဲ့သည်။

အဆိုပါဆွေးနွေးပွဲကို (PDF) အဖွဲ့ဝင် ရဲဘော် ရဲမေ ၁၁ ဦး တက်ရောက်ခဲ့ကြောင်းသိရသည်။ ဆွေးနွေးပွဲကို မြန်မာပြည်ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ချုပ် (Democratic Alliance of Burma) စည်းရုံးရေးဌာန နည်းပြအဖွဲ့ဝင် ကိုခွန်သိန်းမင်းက ဦးဆောင် ဆွေးနွေးခဲ့ပြီး ဥပဒေဖြစ်ပေါ်လာပုံသမိုင်းအကျဉ်း၊ ဥပဒေပြုခြင်း၊ အကောင်အထည်ဖော်သည့်အဖွဲ့အစည်း၊ လိုက်နာရမည့် ပြည်သူ၊ ဥပဒေသဘော သက်ဝင်သော ပြဋ္ဌာန်းချက်များနှင့် ဥပဒေစိုးမိုးရေးဆိုင်ရာ အယူအဆများကို ဆွေးနွေးခဲ့သည်။ ။

## "ပဏာမစကား"

အခြေအနေရဲ့ တွန်းဆော်မှု၊ ကျနော်တို့ရဲ့ မနေမနား ကြိုးပမ်းဆောင်ရွက်မှု ရလဒ်အဖြစ် မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစုရဲ့ ရုပ်လုံးပေါ်လာပါပြီ။ ကျနော်တို့ ပါဝင်ဖြတ်သန်းခဲ့တဲ့ ဒီမိုကရေစီတော်လှန်ရေး ခရီးကြမ်းဟာလည်း ၁၆ နှစ်တာကာလကို ချဉ်းနင်းဝင်ရောက်ခဲ့ပါပြီ။ ဒ့ါအပြင် တိုင်းပြည်အတွက် အင်မတန် အရေးကြီးတဲ့ အချိန်ကာလနဲ့လည်း တိုက်ဆိုင်နေပါတယ်။ ဒီကာလအတွင်း ဒီမိုကရေစီတိုက်ပွဲရဲ့ စစ်မျက်နှာအသီးသီးမှာ တိုက်ပွဲဝင်ရင်း အသက်၊ သွေး၊ ချွေး မြောက်မြားစွာ ရင်းနှီးပေးဆပ်ပြီးမှ ရရှိလာတဲ့ အတွေ့အကြုံတွေကလည်း ရင်နဲ့အပြည့် ရှိနေနှင့်ပါပြီ။ စစ်အာဏာရှင်စနစ် ဖျက်သိမ်းရေး၊ ဒီမိုကရေစီတည်ဆောက်ရေး လှုပ်ရှားမှုအတွက် ပကတိအခြေအနေ အချက်အလက်များပေါ် အခြေခံပြီး ကျနော်တို့ လက်ခံတဲ့ မူပိုင်း၊ သေနင်္ဗျူဟာပိုင်းဆိုင်ရာ ကိစ္စများအပြင် လှုပ်ရှားမှုကို အထောက်အကူဖြစ်စေမယ့် အကြံဉာဏ်နဲ့ လုပ်ငန်းစဉ်များကို မျှဝေဆွေးနွေးနိုင်ဖို့တွက် ဆက်ဆံရေးတံတားတစ်ခု အလျင်အမြန်တည်ဆောက်ဖို့ စဉ်းစား ဆုံးဖြတ်ခဲ့ကြတယ်။ ဒါကြောင့် ခေတ်ကာလနဲ့လည်းကိုက်ညီ ကျနော်တို့အနေနဲ့လည်း စွမ်းဆောင်နိုင်မယ့် E-bulletin ကို ဖြန့်ဝေလိုက်တာ ဖြစ်ပါတယ်။ E-bulletin အနေနဲ့ လှုပ်ရှားမှုအတွင်း လိုအပ်နေတဲ့ ကွက်လပ်များကို တဒေါင့်တနေရာကနေ တတ်စွမ်းသရွေ့ အားဖြည့်ဖို့လည်း သန္နိဋ္ဌာန် ချထားပါတယ်။

E-bulletin ပထမခြေလှမ်းအနေနဲ့ အမျိုးသားနိုင်ငံရေးတပ်ပေါင်းစုရဲ့ အခန်းကဏ္ဍကို မီးမောင်းထိုး တင်ပြလိုပါတယ်။ မြန်မာ့လူ့အဖွဲ့အစည်းတစ်ခုလုံးဟာ ခေတ်အဆက်ဆက် စစ်အာဏာရှင်စံနစ်ကြောင့် ဘက်ပေါင်းစုံ ချွတ်ခြုံကျနေပြီး အလုံးစုံပျက်သုဉ်းရေးကို ဦးတည်နေပါတယ်။ ဒီအခြေအနေက ကျော်လွှားလွန်မြောက်နိုင်ဖို့အတွက် စစ်အာဏာရှင်စံနစ် ကြီးစိုးနေမှုကို အမြန်ဆုံးဖယ်ရှားပစ်ဖို့ အပူတပြင်း လိုအပ်နေပါတယ်။ လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်တဲ့ အပိုင်းမှာ တစ်ဦးတစ်ယောက်ကောင်းမဟုတ်ဘဲ စုပေါင်းအားနဲ့ ကြိုးစားအားထုတ်ရပါလိမ့်မယ်။ ဒီအတွက် အင်အားစုအသီးသီး ပါဝင်လှုပ်ရှားနိုင်မယ့် အမျိုးသားနိုင်ငံရေးတပ်ပေါင်းစုတရပ် မဖြစ်မနေဖော်ဆောင်တည်ဆောက်ဖို့ လိုအပ်လာပါတယ်။ အမျိုးသားနိုင်ငံရေးတပ်ပေါင်းစုအားဖြင့်သာ စစ်အာဏာရှင်စနစ်ကို အဆုံးသတ်နိုင်မှာဖြစ်ပြီး အမျိုးသားပြိုကွဲနေမှုကြီးကိုလည်း ကုစားနိုင်ပါလိမ့်မယ်။ ကျနော်တို့မျှော်မှန်းထားတဲ့ အမျိုးသားအသီးသီးရဲ့ အခွင့်အရေးအတွက် အာမခံချက်ရှိမယ့် ပြည်ထောင်စုသစ်ကို တည်ဆောက်နိုင်မှာဖြစ်ပါတယ်။

အချုပ်အားဖြင့် E-bulletin ဟာ ဒုတိယအကြိမ် လွတ်လပ်ရေးတိုက်ပွဲအတွင်း ခြေစုံရပ်ပြီး စစ်အာဏာရှင်စံနစ်ကို ဖက်ပြိုင် အံတုစိန်ခေါ်လိုက်ပါပြီ။ မျိုးဆက်သစ်အင်အားစုများရဲ့ ဆန်းသစ် တွေးခေါ်မြော်မြင်မှုတွေကို လှုပ်ရှားမှုတစ်ခုလုံးနဲ့ ကူးလူးဆက်စပ်နိုင်ဖို့လည်း မျှော်မှန်းပါတယ်။ ကျနော်တို့ရဲ့ ပထမခြေလှမ်းကို တတ်စွမ်းသရွေ့ ကြိုးစားပြင်ဆင်ထားပေမယ့် အားနည်းချက်တွေရှိနေမှာ မလွဲပါ။ နောင်လာမယ့် ခြေလှမ်းများမှာ အကောင်းဆုံး ဖန်တီးနိုင်ဖို့အတွက် ထောက်ပြ ဝေဖန် အကြံပြုချက်များကိုလည်း ကြိုဆို မျှော်လင့်နေပါတယ်။ ဒီမိုကရေစီရေး လှုပ်ရှားမှုတစ်ခုလုံးကို တွန်းတင်နိုင်ဖို့ အစွမ်းကုန် အားထုတ်ကြိုးပမ်းရင်း ကျနော်တို့ရဲ့ ပထမခြေလှမ်းကို စတင်လိုက်ပါတယ်။ ။

## "အမေရိကန်ရောက် မြန်မာများ၏ ခရီးရှည်ချီတက်ပွဲနှင့် အစာငတ်ခံ ဆန္ဒပြပွဲ"




*အစာငတ်ခံ ဆန္ဒပြနေသူများ*

မြန်မာ့ဒီမိုကရေစီရေးအတွက် ကုလသမဂ္ဂမှ ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းရေးတောင်းဆိုချက်ဖြင့် ခရီးရှည်ချီတက်ပွဲတရပ်ကို အမေရိကန်နိုင်ငံရောက် မြန်မာ့ဒီမိုကရေစီရေး လှုပ်ရှားသူများက ပြုလုပ်ခဲ့ကြောင်းနှင့် ဆက်လက်၍ အစာငတ်ခံဆန္ဒပြပွဲကိုလည်း ပြုလုပ်လျက်ရှိကြောင်း သိရှိရသည်။

ခရီးရှည်ချီတက်ပွဲကို ၂၀၀၄ ခုနှစ် စက်တင်ဘာလ ၁ ရက် ဗုဒ္ဓဟူးနေ့တွင် နယူးယောက်ပြည်နယ်၊ အယ်လ်ဘာနီမြို့အနီးရှိ ငြိမ်းချမ်းရေးစေတီမှ စတင်ခဲ့ပြီး နယူးယောက်မြို့ရှိ ကမ္ဘာ့ကုလသမဂ္ဂရုံးချုပ်သို့ ဦးတည် ချီတက်ခဲ့ကြခြင်းဖြစ်သည်။ စက်တင်ဘာလ ၂၁ ရက်နေ့တွင် နယူးယောက်မြို့ ကုလသမဂ္ဂအဆောက်အဦးရှေ့ 47th Street and 1st Ave ရှိ Dag Hammerskjold Park တွင် ခရီးရှည်ချီတက်ပွဲ အောင်မြင်စွာ ပြီးဆုံးခြင်း



*ခရီးရှည်ချီတက်ပွဲ*

အခမ်းအနားကို ကျင်းပခဲ့သည်။ ထို့နောက် အစာငတ်ခံ ဆန္ဒပြမည့် ရဲဘော်များက *"မြန်မာနိုင်ငံအရေးအတွက် ကုလသမဂ္ဂက ထိရောက်စွာ အရေးယူမှုမပြုမချင်း အကန့်အသတ်မရှိ အစာငတ်ခံဆန္ဒပြခြင်း"* ကို စတင်ခဲ့သည်။

*"ငါတို့သည် တိုင်းပြည်နှင့်လူမျိုးအပေါ်တွင် သစ္စာရှိပါမည်။ ငါတို့သည် ဒီမိုကရေစီတိုက်ပွဲတွင် ကျဆုံးလေပြီးသော ရဟန်းရှင်လူ ကျောင်းသားပြည်သူများအပေါ်တွင် သစ္စာရှိပါမည်။ အစာငတ်ခံဆန္ဒပြတိုက်ပွဲ ပြီးစီးအောင်မြင်သည်အထိ တိုက်ပွဲဝင်ပါမည်။"*

အထက်ပါ သစ္စာအဓိဋ္ဌာန်ကို အစာငတ်ခံဆန္ဒပြသည့် ရဲဘော်များက ရွတ်ဆိုခဲ့ကြပြီး တစ်ဦးချင်းမှ မိမိတို့၏ ကတိဝန်ခံချက်များကို ဖတ်ကြားခဲ့ကြောင်းသိရသည်။ လွတ်မြောက်ရေးခရီးရှည်ချီတက်ပွဲနှင့် အစာငတ်ခံဆန္ဒပြတိုက်ပွဲ သတင်းထုတ်ပြန်ရေးအဖွဲ့မှ နောက်ဆုံးသတင်းများကို နေ့စဉ်တင်ပြနေပြီး –

freedomlongmarch@aol.com သို့ ဖြစ်စေ

http://longmarchandhungerstrike.odfb.org သို့ဖြစ်စေ ဆက်သွယ်ကာ ဖတ်ရှုနိုင်ကြောင်းလည်း ဖော်ပြထားသည်။

*Ref:http://longmarchandhungerstrike.odfb.org*

## "ကုလသမဂ္ဂရုံးသို့ ရဲရဲတောက် ချီတက်သူများ"

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ထူထောင်သည့် ၁၆ နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ရွေးကောက်ပွဲရလာဒ် အသိအမှတ်ပြုရေး အပါအဝင် ပြည်ပရောက် မြန်မာ့ဒီမိုကရေစီအင်အားစုများ၏ အစာတော်ခံဆန္ဒပြပွဲကို ထောက်ခံအားပေးသည့်အနေဖြင့် အဖွဲ့ချုပ်လူငယ်များ၊ အမျိုးသမီးများ စုပေါင်း၍ ရန်ကုန်မြို့ရှိ ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်ရုံးရှေ့သို့ သွားရောက်ကာ တောင်းဆိုချက်သုံးရပ်ကို တောင်းဆိုခဲ့ကြောင်း သိရသည်။

အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ ကုလသမဂ္ဂရုံးချုပ်ရှေ့တွင် အစာတော်ခံဆန္ဒပြပွဲ ပြုလုပ်နေသူတို့၏ ကျန်းမာရေးနှင့် အသက်အန္တရာယ်ကို စိုးရိမ်ပူပန်မိ၍လည်းကောင်း၊ ရွေးကောက်ပွဲနှစ်ပတ်လည်နေ့က ထိုင်းနိုင်ငံတွင် ဆန္ဒပြခဲ့သဖြင့် ထိုင်းလုံခြုံရေးများ၏ ဖမ်းဆီးခြင်းခံထားရသူတို့ အကျဉ်းစခန်းအတွင်း ဆက်လက်ဆန္ဒပြနေကြောင်း ကြားသိရသဖြင့် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်ရုံးသို့ ယခုကဲ့သို့ အဖွဲ့ချုပ်ဝင်များ သွားရောက်တောင်းဆိုခဲ့ခြင်းဖြစ်သည်။ ကုလသမဂ္ဂအနေဖြင့် အဆိုပါဆန္ဒပြသူများကို သွားရောက်ကြည့်ရှုဆွေးနွေးရန်၊ ထို့အပြင် ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲရလဒ်ကို ကုလသမဂ္ဂက အသိအမှတ်ပြုပြီးဖြစ်သောကြောင့် ဆက်လက်အကောင်အထည်ဖော်ပေးရန် စသည်တို့ကို အဖွဲ့ချုပ်ဝင်များကိုယ်တိုင်နှုတ်ဖြင့် တင်ပြတောင်းဆိုခဲ့ကြခြင်းဖြစ်သည်။

ယခုကဲ့သို့ သွားရောက်တောင်းဆိုခဲ့ကြသူများသည် ရန်ကုန်တိုင်း၊ မကွေးတိုင်း၊ ဧရာဝတီတိုင်းနှင့် ပဲခူးတိုင်းတို့မှ အဖွဲ့ချုပ်ဝင်များ ဖြစ်ကြောင်းနှင့် ၎င်းတို့၏အမည်များကိုပါ ဖော်ထုတ်ပြောဆိုခဲ့ကြကြောင်းသိရသည်။

■



*ခရီးရှည်ချီတက်ပွဲစတင်ရာ ငြိမ်းချမ်းရေးစေတီ*

## "လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းငြိမ်း အကျဉ်းထောင်အတွင်း အစာငတ်ခံဆန္ဒပြ"

ပုဒ်မ ၁၀ (က) နှင့် ထောင်ဒဏ် ထပ်တိုးခြင်းကို မကျေနပ်သောကြောင့် အစာတ်ခံဆန္ဒပြနေသည့် ကျောက်တန်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းငြိမ်းကို ရန်ကုန်ဆေးရုံကြီးသို့ တင်လိုက်ကြောင်း သိရှိရသည်။

ဒေါ်အောင်ဆန်းစုကြည်၏ မရမ်းကုန်းမြို့နယ် လူထုဟောပြောပွဲကို စီစဉ်ပေးမှုကြောင့် အခြား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင် ၇ ဦး နှင့်အတူ ဒေါက်တာသန်းငြိမ်းကို ၁၉၉၇ ခုနှစ်တွင် ဖမ်းဆီးခဲ့ပြီး ထောင်ဒဏ် ၇ နှစ် ချမှတ်ခဲ့ခြင်းဖြစ်သည်။ ၂၀၀၄ ခုနှစ် ဇူလိုင်လတွင် အဆိုပါ ထောင်ဒဏ် သက်တမ်းစေ့သွားပြီဖြစ်သော်လည်း အာဏာပိုင်များက ပုဒ် ၁၀ (က) တပ်ပြီး နောက်ထပ် ၂ လ ထပ်တိုးခဲ့သည်။ ၂ လ ပြည့်သည့်အချိန်တွင်လည်း လွှတ်မပေးသေးဘဲ ပုဒ်မ ၁၀ (က) ဖြင့်ပင် ထပ်မံတိုးမြှင့်ကာ ဆက်လက်ချုပ်နှောင်ထားခဲ့သည်။ ထိုသို့ချုပ်နှောင်ထားခြင်းကို မကျေနပ်သောကြောင့် ဒေါက်တာသန်းငြိမ်းက အစာငတ်ခံဆန္ဒပြခဲ့ခြင်းဖြစ်ပြီး ယခုလ ၂၁ ရက်နေ့တွင် အင်းစိန်ထောင်ဆေးရုံမှ သာယာဝတီထောင်သို့ ပြောင်းရွှေ့ခံခဲ့ရသည်။ ဒေါက်တာသန်းငြိမ်းသည် အစာအိမ်၊ ဆီးကြိတ်၊ အသည်းနှင့် နှလုံးရောဂါများ ဆိုးဆိုးရွားရွား ခံစားနေရကြောင်းလည်း သိရှိရသည်။

နိုင်ငံရေးအကျဉ်းသားများအား မူလချမှတ်ထားသည့် ထောင်ဒဏ်ပြည့်သွားသော်လည်း ပုဒ်မ ၁၀ (က) ဖြင့်ဆက်လက်ချုပ်နှောင်နေခြင်းနှင့် ပတ်သက်၍ လန်ဒန်အခြေစိုက် နိုင်ငံတကာလွတ်ငြိမ်းချမ်းသာအဖွဲ့မှ **မစ္စကက်သရင်းဂါဆန်**က "*ပုဒ်မ ၁၀ (က) ဆိုသည်မှာ တရားမျှတမှု မရှိသလို အာဏာပိုင်တို့က အလွဲသုံးစားလုပ်နေသည့် ပုဒ်မတစ်ခုဖြစ်နေပါသည်*" ဟု ပြောဆိုခဲ့သည်။

မြန်မာနိုင်ငံရှေ့နေများကောင်စီ အတွင်းရေးမှူး **ဦးအောင်ထူး**က ၁၉၇၅ ခုနှစ် နိုင်ငံတော်အား နှောက်ယှက်ဖျက်ဆီးသူများ၏ အန္တရာယ်မှ ကာကွယ်သည့်ဥပဒေ၏ ဆိုလိုချက်မှာ "*လူတစ်ဦးတစ်ယောက်က နိုင်ငံတော် လုံခြုံရေးနှင့် အများပြည်သူငြိမ်းချမ်းသာယာရေးကို ထိပါးနိုင်သည့်လုပ်ငန်းလုပ်တော့မည်ဟု ယုံကြည်လောက်သည့်အကြောင်းရှိပါက အဆိုပါပုဂ္ဂိုလ်ကို ဖမ်းဆီးခွင့်ရှိသည်*" ဟုသာ ဆိုလိုခြင်းဖြစ်ကြောင်း၊ ထောင်ထဲတွင် တောက်လျှောက် ၇ နှစ်ထိနေခဲ့ပြီး ပုဂ္ဂိုလ်များသည် မည်သည့်နည်းနှင့်မျှ နိုင်ငံတော်၏ ဘေးအန္တရာယ်ကို ထိပါးနိုင်လောက်သည်ဟု အကြောင်းပြစရာမရှိကြောင်း ပြောဆိုခဲ့သည်။ ။

## "ဂျပန်ဘုန်းတော်ကြီးနှင့် မြန်မာ့နိုင်ငံရေး"

အမေရိကန်နိုင်ငံရောက် မြန်မာ့ဒီမိုကရေစီရေး လှုပ်ရှားသူများခရီးရှည်ချီတက်ပွဲတွင် ဂျပန်နိုင်ငံသူ ငြိမ်းချမ်းရေးခရီးသည် သီလရှင်ကြီး Jun Yasuda လည်းပါဝင်ခဲ့ကြောင်းသိရသည်။

မြန်မာနိုင်ငံကို အင်္ဂလိပ်အစိုးရအုပ်စိုးစဉ်က မြန်မာပြည် လွတ်မြောက်ရေးအတွက် ဆုတောင်းကြိုးပမ်းခဲ့သူ ဂျပန်ဆရာတော် Rev. Nagai (ဘုန်းတော်ကြီး နာဂါအီ) အား အင်္ဂလိပ်အစိုးရက ဖမ်းဆီးထောင်ချခဲ့သည်။ ထိုအခါ ဘုန်းတော်ကြီးသည် ထောင်တွင်း၌ ရက်ပေါင်းတစ်ရာနီးပါး အစာငတ်ခံခဲ့သည်။ သေအံ့မူးမူးအချိန်တွင်မှ အင်္ဂလိပ်အစိုးရက မြန်မာနိုင်ငံတွင် ဘုန်းတော်ကြီးတစ်ပါး ဤကဲ့သို့ သေဆုံးသွားပါက တိုင်းပြည်တစ်ခုလုံး မငြိမ်မသက်ဖြစ်နိုင်သည်ကို သိသဖြင့် လွှတ်ပေးခဲ့သည်။ ထို့နောက် ဂျပန်သို့ပြန်ရာ ဘုရားရှင် ဓာတ်တော် အဆူသုံးဆယ်ကို ပင့်ဆောင်ခွင့်ရရှိခဲ့သည်။ နောက်ဆယ်နှစ်ကြာ ထိုဘုန်းတော်ကြီး ပျံလွန်တော်မူခါနီး၌ ယခု သီလရှင်ကြီး၏ ဆရာဖြစ်သူကို ဓာတ်တော်များအား လက်ဆင့်ကမ်းခဲ့သည်။ ယခု အမေရိကန်နိုင်ငံတဝှမ်း၌ ငြိမ်းချမ်းရေးစေတီများ နေရာအနှံ့ တည်ထားကိုးကွယ်ရာ စေတီတစ်ဆူလျှင် ဓာတ်တော်သုံးဆူ ထည့်သွင်းဌာပနာရန် ရည်ရွယ်ထားခဲ့သည်။

သီလရှင်ကြီး၏ပြောကြားချက်အရ ၎င်း၏ဆရာ ဘုန်းတော်ကြီး နာဂါအီ (Nev. Nagai) ကြိုးပမ်းခဲ့သည့် မြန်မာနိုင်ငံလွတ်မြောက်ရေးကို ဆက်လက်ဆောင်ရွက်ကူညီသည့်အနေဖြင့်လည်းကောင်း၊ ၎င်းတို့အဖွဲ့ ကြိုးပမ်းတည်ဆောက်နေသော ငြိမ်းချမ်းရေးစေတီများ၌ ပူဇော်ဌာပနာထားသည့် ဘုရားရှင်ဓာတ်တော်များ၏ မူလပိုင်ရှင်ဖြစ်သော မြန်မာနိုင်ငံနှင့် မြန်မာပြည်သူများအတွက် ကျေးဇူးဆပ်ခွင့်ကြုံသဖြင့်လည်းကောင်း ယခုကဲ့သို့ တတ်နိုင်သမျှ အစွမ်းကုန် ကူညီနေခြင်းဖြစ်ကြောင်း သိရှိရသည်။

ယခု ခရီးရှည်ချီတက်ပွဲကို နယူးယောက်ပြည်နယ်၊ အယ်လ်ဘာနီမြို့အနီး၊ အဆိုပါ ဂျပန်သီလရှင်ကြီး Jun Yasud  တည်ထားသော ငြိမ်းချမ်းရေးစေတီမှ စတင်ခဲ့ခြင်း ဖြစ်သည်။ ။ *Ref:http://longmarchandhungerstrike.odfb.org*

## "စစ်ထောင်ကျခဲ့သူ ကလေးစစ်သားကို နေအိမ်မှ ပြန်လည်ခေါ်ဆောင်သွားခဲ့"

*၂၇၊ ၈၊ ၂၀၀၄*

စစ်ပြေးမှုဖြင့် ထောင်ကျခဲ့ပြီး လွတ်မြောက်လာသည့် ကလေးစစ်သား တစ်ဦးကို စစ်မှုပြန်လည်ထမ်းဆောင်ရန် နအဖ စစ်တပ်က နေအိမ်မှ ခေါ်ဆောင်သွားခဲ့သည်။

မင်းချမ်းမြေ့ (ကိုယ်ပိုင်အမှတ် တ/၂၂၂၂၃၆) သည် အမှတ် ၁၉ ခြေမြန်တပ်ရင်းမှ ရန်ကုန်သို့ ၁၊ ၁၂၊ ၂၀၀၂ ရက်နေ့တွင် တာဝန်ဖြင့် ခရီးသွားရာမှ ထွက်ပြေးနေခဲ့ပြီး ၁၅၊ ၅၊ ၂၀၀၄ ရက်နေ့တွင် စစ်တပ်က ပြန်လည်ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ မင်းချမ်းမြေ့ကို ဒုဗိုလ်မှူးကြီးကျော်ဦး ခေါင်းဆောင်သည့် အဖွဲ့က ရေနီမြို့ အမှတ် ၅ စစ်အခြေခံလေ့ကျင့်ရေးကျောင်း တပ်တွင်း စစ်တရားရုံးတွင် စစ်ပြေးမှုဖြင့်စစ်ဆေးပြီး ယခုနှစ် မေလ ၂၁ ရက်နေ့က အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၆ လ ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။

ထိုသို့တစ်နှစ်ခွဲခန့် စစ်တပ်မှထွက်ပြေးခဲ့သည်ကို တပ်တွင်းတရားရုံးတွင် စစ်ဆေးသည့်အချိန်က တပ်ခွဲမှူးဗိုလ်ကြီးသန်းဖြိုးနိုင်နှင့် ရုံးအုပ် ဒုအရာခံဗိုလ်တို့က မင်းချမ်းမြေ့ကို စစ်တပ်မှထွက်ပြေးရက်အား ၂၊ ၁၊ ၂၀၀၄ ဟု လိမ်ပြီး ထွက်ဆိုရန် စေခိုင်းခဲ့ပြီး ကျန်ကြားကာလများအတွက် မင်းချမ်းမြေ့ ရရှိမည့် လစာငွေနှင့် ရိက္ခာအားလုံးကို ၎င်းတို့က ထုတ်ယူသုံးစွဲခဲ့သည်ဟု မင်းချမ်းမြေ့၏ ပြောဆိုချက်ကို မိဘများကပြန်လည်ပြောသည်။

ကလေးစစ်သားမင်းချမ်းမြေ့သည် ရန်ကုန်တိုင်း ရွှေပြည်သာ အမှတ် ၂ စစ်အကျဉ်းထောင်မှ ယခုလ ၂၃ ရက်နေ့တွင် လွတ်မြောက်လာပြီး မိဘများနှင့်အတူ လှိုင်သာယာမြို့နယ်တွင် နေထိုင်စဉ် မိခင်တပ်ရင်းဖြစ်သည့် ဆွာမြို့အခြေစိုက် အမှတ် ၁၉ ခြေမြန်တပ်ရင်းမှ တပ်ကြပ်က ခေါ်သွားခြင်းဖြစ်သည်။ မင်းချမ်းမြေ့၏မိဘများက ၎င်းတို့သားသည် အသက် ၁၄ နှစ်အရွယ်က စစ်တပ်တွင်း အဓမ္မသွတ်သွင်းခံခဲ့ရပြီး ယခုအချိန်အထိ အသက် ၁၇ နှစ် မပြည့်သေးကြောင်း အိမ်ထောင်စုလူဦးရေစာရင်း၊ မွေးဖွားကြောင်း အထောက်အထားလက်မှတ်နှင့် လှိုင်သာယာမြို့နယ် အမှတ် ၂ အခြေခံပညာအထက်တန်းကျောင်း (၂၀၀၁– ၂၀၀၂ ပညာသင်နှစ်) ကျောင်းသားကဒ်တို့တွင်ပါရှိသည့် မွေးသက္ကရာဇ်များကို ထုတ်ပြ ပြောဆိုခဲ့သည်။

မြန်မာနိုင်ငံတွင် အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည့် "အရွယ်မရောက်သေးသော ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ" သည် နိုင်ငံတွင်း၌ ကလေးသူငယ်များအား စစ်မှုထမ်းများအဖြစ် စုဆောင်းခြင်းများ မဖြစ်ပေါ်ရေးအတွက် ကာကွယ်တားဆီးပြီး ယင်းကလေးသူငယ်များ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရေးအတွက် ရည်ရွယ်ဖွဲ့စည်းခဲ့သည်ဟုဆိုသော်လည်း ၎င်းကော်မတီက ကလေးသူငယ်များအတွက် ထိရောက်သည့် ဆောင်ရွက်မှုများ လုပ်ဆောင်ခြင်း တစုံတရာမရှိဘဲ ဟန်ပြ ညှိနှိုင်း ဆွေးနွေးမှုများသာ ပြုလုပ်ခဲ့သည်။ ။ *(ရိုးမ ၃)*

■

## "အမျိုးသားကျန်းမာရေးနှင့် ပညာရေးကော်မတီ ဒုတိယအကြိမ်ညီလာခံ"

အမျိုးသားကျန်းမာရေးနှင့် ပညာရေးကော်မတီ၏ ဒုတိယအကြိမ် ညီလာခံကို ထိုင်း–မြန်မာနယ်စပ်တနေရာတွင် ၂၀၀၄ ခုနှစ် ဇက်တင်ဘာလ ၂၁ ရက်မှ ၂၅ ရက်နေ့အထိ ငါးရက်ကြာ ကျင်းပခဲ့ကြောင်းသိရှိရသည်။

ညီလာခံသို့ နယ်စပ်ဒေသရှိ မြန်မာ့ဒီမိုကရေစီရေး လှုပ်ရှားနေသည့် အဖွဲ့အစည်းများမှ ဖိတ်ကြားထားသူ ၄၄ ဦးအနက် ၄၁ ဦး တက်ရောက်ခဲ့ပြီး အဖွဲ့အစည်းပေါင်းစုံမှ ကိုယ်စားလှယ် ၁၁ ဦးဖြင့် ဖွဲ့စည်းထားသည့် အမျိုးသားကျန်းမာရေးနှင့် ပညာရေးကော်မတီကို ညီလာခံမှ ရွေးချယ်ပေးခဲ့သည်။ အမျိုးသားကျန်းမာရေးနှင့်ပညာရေးကော်မတီ၏ ဦးဆောင်ကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းခဲ့ကြောင်းလည်း သိရှိရသည်။

| | |
|---|---|
| ဥက္ကဋ္ဌ | ဒေါက်တာ ဒီဂျီ ထော်စိုး |
| ဒု – ဥက္ကဋ္ဌ | ဦးအေးဆောင် |
| အထွေထွေအတွင်းရေးမှူး | ဦးခွန်ဥက္ကာ |
| တွဲဘက်အတွင်းရေးမှူး | ဦးဆလိုင်းယောအောင် |
| ဘဏ္ဍာရေးမှူး | ဒေါ်ဘောက်ထောင် |

အမျိုးသားကျန်းမာရေးနှင့် ပညာရေးကော်မတီကို ၁၉၉၂ နှင့် ၁၉၉၃ ခုနှစ်များအတွင်း ဖွဲ့စည်းခဲ့သည့် အမျိုးသားကျန်းမာရေး ကော်မတီနှင့် အမျိုးသားပညာရေးကော်မတီတို့ကို စုစည်းကာ ၁၉၉၅ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ။

■

## "မြန်မာနိုင်ငံရှိ အမျိုးသမီး နိုင်ငံရေးအကျဉ်းသားများ အကြောင်း ပူးတွဲအစီရင်ခံစာ"

ထိုင်း–မြန်မာ နယ်စပ်ဒေသအခြေစိုက် မြန်မာ့အမျိုးသမီးသမဂ္ဂနှင့် နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ) တို့ပူးတွဲ၍ မြန်မာနိုင်ငံရှိအမျိုးသမီးနိုင်ငံရေးအကျဉ်းသားများ 'Women Political Prisoners in Burma' အမည်ရှိ အစီရင်ခံစာ စာအုပ်တစ်အုပ်ကို ၂၀၀၄ ခုနှစ် စက်တင်ဘာလကုန်တွင် ထုတ်ဝေမည်ဖြစ်ကြောင်း သိရှိရသည်။ ယခုတစ်ကြိမ် ထုတ်ဝေသည်မှာ အင်္ဂလိပ်ဘာသာဖြင့်ဖြစ်ပြီး ပြီးခဲ့သည့် ဧပြီလက မြန်မာဘာသာဖြင့် ထုတ်ဝေခဲ့ပြီးဖြစ်သည်။

အမှာစာတွင် "*အမျိုးသမီးများ၏ နိုင်ငံရေးတွင် ပါဝင်ပတ်သက်မှုဟူသည် အပြောလွယ်သလောက် လက်တွေ့အခြေအနေတွင် အခက်အခဲများစွာ ရှိပါသည်။ အမျိုးသမီးများ၏ နိုင်ငံရေးဘဝကို လူအများ ပိုမိုနားလည်သိမြင်လျက် နိုင်ငံရေးလှုပ်ရှားမှုတွင် အမျိုးသမီးများ၏ ပူးပေါင်းပါဝင်မှုအပေါ် ပိုမိုလမ်းဖွင့်ပေးနိုင်ရန် ရည်ရွယ်သည့်အပြင် စစ်အာရှင်စံနစ်ကို အံတုလျက်ရှိကြသော အမျိုးသမီးအပေါင်းအား ဤအစီရင်ခံစာဖြင့် ဂုဏ်ပြုချီးမြှောက်အပ်ပါသည်*" ဟူ၍ ဖော်ပြထားသည်။

စာမျက်နှာ ၂၀၀ ပါရှိသော အဆိုပါစာအုပ်တွင် မြန်မာနိုင်ငံရှိ အမျိုးသမီးများ နိုင်ငံရေးတွင်ပါဝင်ပတ်သက်မှု သမိုင်းနောက်ခံများ၊ အမျိုးသမီး နိုင်ငံရေးအကျဉ်းသားများ၏ စစ်ကြောရေးကာလ အတွေ့အကြုံများ၊ အကျဉ်းထောင်တွင်း နေထိုင်စားသောက်ရမှု အခြေအနေများ၊ အာဏာပိုင်များ၏ ဖိနှိပ်မှု၊ လူ့အခွင့်အရေးချိုးဖောက်မှုများ၊ အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်လာပြီးနောက် အခြေအနေများအပြင် နအဖ၏ အမျိုးသမီးရေးရာကော်မတီအကြောင်း၊ CEDAW လှုပ်ရှားမှုများအပါအဝင် ဓာတ်ပုံမှတ်တမ်းများကိုပါ တည့်သွင်းဖော်ပြထားသည်။ အကျဉ်းထောင်မှ ပြန်လည်လွတ်မြောက်လာသော အမျိုးသမီးနိုင်ငံရေးအကျဉ်းသား ၁၉ ဦးနှင့် တွေ့ဆုံမေးမြန်းချက်များကို ကိုးကား၍ ရေးသားပြုစုထားသော ထိုအစီရင်ခံစာကို ကုလသမဂ္ဂအထွေထွေညီလာခံ ကျင်းပချိန်နှင့် အချိန်ကိုက် ထုတ်ဝေခြင်းလည်းဖြစ်သည်။

အဆိုပါအစီရင်ခံစာကို အင်တာနက်စာမျက်နှာမှ ကြည့်ရှုလိုပါကလည်း www.aappb.net တွင် တက်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**အင်အားစုသို့ ဆက်သွယ်လိုလျှင် –**

PO Box 83, Mae Sod
Tak 63110
Thailand
Email: democraticforum@csloxinfo.com

# “အစဉ်အလာဟောင်းကို ဖောက်ထွက်လိုက်တဲ့ ပါတီမွေးနေ့အခမ်းအနား”

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ဖွဲ့စည်းခြင်း ၁၆ နှစ်ပြည့် အခမ်းအနားကို ၂၀၀၄ ခုနှစ် စက်တင်ဘာလ ၂၇ ရက်နေ့မှာ NLD- LA က ကျင်းပခဲ့ပါတယ်။

“ဒီနှစ် ပါတီမွေးနေ့ကျင်းပတဲ့နေရာမှာ သမားရိုးကျ ကျင်းပနေကျ ပုံသဏ္ဍာန်မျိုးမဟုတ်ဘဲ ကနေ့အခြေအနေရဲ့အောက်မှာ ရှေ့လုပ်ငန်းစဉ်တွေအတွက် လမ်းညွှန်ချက်များ ရရှိသွားစေဖို့ရည်ရွယ်ပြီး ကျင်းပသွားမှာဖြစ်ပါတယ်။

ဒါကြောင့် မဟာမိတ်ခေါင်းဆောင်များရဲ့ အမြင်သဘောထားများကို ရယူချင်ပါတယ်။ ကျနော်တို့ပါတီရဲ့အားနည်းချက်၊ အားသာချက်တွေအပေါ် ဝေဖန်သုံးသပ်ပြတာ၊ ထောက်ပြတာ၊ အကြံပေးတာတွေကို ရယူလိုပါတယ်။ မဟာမိတ်ခေါင်းဆောင်များရဲ့ ဆွေးနွေးအကြံပြုချက်များကို ကျနော်တို့ပါတီရဲ့ ရှေ့လုပ်ငန်းစဉ်ရေးဆွဲရာမှာ လမ်းညွှန်များအဖြစ် ရယူသွားမှာဖြစ်ပါတယ်။”

သဘာပတိဦးမြင့်သိန်း (NLD- LA တွဲဘက်အတွင်းရေးမှူး– ၁) ရဲ့ အဖွင့်မိန့်ခွန်းဟာ အစဉ်အလာပုံသဏ္ဍာန်များကို ဖောက်ထွက်လိုက်ပါတယ်။

ပထမဦးဆုံးဆွေးနွေးသွားသူက ALP ဒု–ဥက္ကဋ္ဌ ဦးခိုင်စိုးနိုင်အောင်ဖြစ်ပါတယ်။ ဦးခိုင်စိုးနိုင်အောင်က “ပြည်သူတွေရဲ့ဆန္ဒကို ရယူထားတာဟာ NLD ဖြစ်တယ်။ ဒါကြောင့်လည်း အခက်အခဲတွေကြားမှာ ရုန်းကန်လှုပ်ရှားနေနိုင်တာဖြစ်တယ်။ ဒေါ်အောင်ဆန်းစုကြည်ဟာ အမြော်အမြင်ကြီးတယ်။ အလုပ်တွေလုပ်ဆောင်ရာမှာ လက်တွေ့ကျတယ်။ ၁၉၉၇ မဲသဝေါ Seminar က မဲသဝေါထ Agreement ထုတ်ပြန်ခဲ့တယ်။ အဲဒါကို ပြည်ထောင်စုနေ့ အခမ်းအနားတစ်ခုမှာ ဒေါ်အောင်ဆန်းစုကြည်က ချက်ခြင်းထောက်ခံလိုက်တယ်။ ဖက်ဒရယ်ပြည်ထောင်စု ထူထောင်မယ်ဆိုတာကို ထောက်ခံလိုက်တာဖြစ်တယ်။ ”

ABSDF ဒုတိယဥက္ကဋ္ဌ ဦးမျိုးဝင်းက ဆက်လက်ဆွေးနွေးရာမှာ –

“NLD ဟာ လူထုကတခဲနက်ယုံကြည်နေတဲ့ တပ်ဦးက တကယ်အလုပ်လုပ်နေတဲ့ ပါတီဖြစ်တယ်။ NLD ဟာ လူထုနဲ့မကင်းကွာဘူး။ တိုင်းရင်းသားများနဲ့ မကင်းကွာဘူး။ နိုင်ငံရေးအရ အမှားမရှိဘူး။ စည်းရုံးရေးမှာတော့ အဖွဲ့ချုပ်ရဲ့စည်းရုံးရေး တည်ဆောက်မှုဟာ ဒေါ်အောင်ဆန်းစုကြည် အပေါ်မှာ မှီခိုလွန်းအားကြီးနေတယ်။

ဒေါ်အောင်ဆန်းစုကြည်လွတ်နေရင် အလုပ်တွေဖြစ်နေတယ်။ သူ အဖမ်းခံရရင် အလုပ်တွေရပ်သွားတယ်။

ကျနော်တို့ရင်ဆိုင်နေရတဲ့ ရန်သူဟာ ပြင်ဆင်မှုကြီးတယ်။ နယ်ပယ်အသီးသီးမှာ စစ်အာဏာရှင်စနစ် တည်မြဲရှင်သန်ရေးအတွက် စံနစ်တကျပြင်ဆင်ထားတာ တွေ့နေရတယ်။ ကနေ့အခြေအနေမှာ တစ်ဦးကောင်းတစ်ယောက်ကောင်းနဲ့မရနိုင်ဘူး။ ကြီးမားကျယ်ပြန့်တဲ့ ဖဆပလလိုတပ်ပေါင်းစုမျိုးကို NLD က ခေါင်းဆောင်ဖွဲ့ပြီး ရင်ဆိုင်ရလိမ့်မယ်။ ”

KNU အထွေထွေအတွင်းရေးမှူး ပဒိုမန်းရှာကတော့ ...

“NLD ဟာ သူ့ရဲ့နိုင်ငံရေးဦးတည်ချက်ပေါ်မှာ၊ သူ့ရဲ့မူပေါ်မှာ ခိုင်မာတယ်။ လူထုနဲ့တသားတည်းဖြစ်တယ်။ လူထုရဲ့ချစ်ခင်မှု၊ ဝိုင်းရံမှု ရှိတယ်။ NLD ဟာ သူ့ရဲ့မဟာမိတ်များနဲ့ လက်တွဲထားနိုင်တယ်။ ပြင်ပ ထောက်ခံမှုရတယ်။ အဖွဲ့အစည်းအတွင်း ညီညွတ်မှုရှိတယ်။ ပါတီတွေမှာ ဖြစ်တတ်တဲ့ သဘာဝအတိုင်း အပျော့နဲ့အမာ၊ အမှားနဲ့အမှန်၊ အနှစ်နဲ့အကာ ဆိုတာတော့ရှိတယ်။ ဒါပေမယ့် မူမပျက်ရပ်တည်နိုင်တယ်။ ရပ်တည်ရေးသာမကအောင်ပွဲခံနိုင်ဖို့ဆိုရင် ခေါင်းဆောင်မှုကြံ့ခိုင်ဖို့၊ မဟာမိတ်တွေနဲ့ ပိုပြီးလက်တွဲနိုင်ဖို့၊ လူထုနဲ့ပိုပြီးထိစပ်ဖို့၊ အခွင့်အခါကောင်းကို အရယူတတ်ဖို့၊ ဆက်ပြီး ကြိုးစားသွားရမယ်။

NLD ဟာ တိုင်းပြည်ကိုပေးထားတဲ့ကတိကို မမေ့အပ်ဘူး။

၉၀ ရွေးကောက်ပွဲမှာ လူထုကရွေးကောက်တင်မြှောက်ထားတဲ့ ပါတီဆိုတာ မမေ့အပ်ဘူး။

အလံကိုင်ပါတီဆိုတာမမေ့အပ်ဘူး။

အလံကိုင်ပါတီဆိုတာ နောက်က နေလို့တော့မဖြစ်ဘူး။ တပ်ဦးက ချီတက်ရမှာဖြစ်ပါတယ်။”

ဆက်လက်ပြီး လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ ဒုတိယဥက္ကဋ္ဌ ဦးယဉ်ထွေးက ...



"ရွေးကောက်ပွဲပြီးတဲ့နောက်မှာ NLD ဟာ တပ်ဦးကို ရောက်လာတယ်။ ၁၉၉၃ က NC တက်သွားတာ နိုင်ငံရေးအရမှားတယ်။ ၁၉၉၅ ခု ဒေါ်အောင်ဆန်းစုကြည်ပြန်လွတ်လာပြီးတဲ့နောက် NC ကထွက်လိုက်တာ နိုင်ငံရေးအရ မှန်တယ်။ ၂၀၀၂ ခုနှစ် ဒေါ်အောင်ဆန်းစုကြည် ခရီးစဉ်တွေ အတားခံရတဲ့အခါ နောက်ကနေ တစ်ခုခုလုပ်ပြဖို့လိုတယ်။ ဒါမျိုးတွေ မလုပ်နိုင်တာအားနည်းတယ်။ ၂၀၀၄ ခုနှစ် NC ပြန်ကျင်းပမယ်ဆိုတော့ ယခုလို အချက်အလက်တွေထောက်ပြပြီး မတက်နိုင်ကြောင်းငြင်းလိုက်တာ NLD ရဲ့ကြွယ်ဝမှုကို ပြလိုက်တာဖြစ်တယ်။ ဒေါ်အောင်ဆန်းစုကြည် ၁၉၈၉ ခု လောက်က ကျနော်တို့ကိုပြောပြသလို နိုင်ငံရေးလုပ်တဲ့နေရာမှာ ခံစားမှုနဲ့ မလုပ်သင့်ဘူး၊ ချစ်ခြင်းမုန်းခြင်းဖြင့် မလုပ်သင့်ဘူး၊ အခြေအနေတွေ ပိုပြီးကောင်းမွန်သွားအောင်ဆိုတဲ့ စိတ်နဲ့လုပ်သင့်တယ်" လို့အားနည်းချက် အားသာချက်တွေကို ထောက်ပြခဲ့ပါတယ်။

PPF ဥက္ကဋ္ဌဒေါက်တာကျော်ညွန့်ကတော့ ...

"NLD ဟာသာမန်ပါတီမဟုတ်ဘူး။ တပ်ဦးပါတီဖြစ်တယ်။ တစ်ပါတီချင်းမရပ်ဘဲ CRPP ဖွဲ့ပြီးရပ်ခဲ့တာ အင်မတန်ကောင်းတယ်။ ၁၉၉၅ ခုနှစ် ဒေါ်အောင်ဆန်းစုကြည် ပြန်လွတ်လာတော့ 'ကျမကိုယုံကြည်ပါ။ လုပ်ပိုင်ခွင့်အပြည့်အဝပေးပါ။ မှားရင်နောက်မှ ကြိုက်သလောက်ဝေဖန်ပါ' လို့ ပြောဆိုခဲ့တဲ့စကားကို ကျနော်ထောက်ခံတယ်။"

ဗကသ နိုင်ငံခြားရေးကော်မတီမှ ကိုမင်းနိုင်ကတော့ ...

"စစ်အစိုးရက NLD ကိုချေမှုန်းဖို့ကြိုးစားနေတယ်။ NLD နဲ့ လူထုကြား၊ NLD နဲ့ကျောင်းသားကြား၊ ထင်ယောင်ထင်မှားဖြစ်အောင် လုပ်နေတယ်။ ပါတီတွင်းညီညွတ်ရေး သိပ်အရေးကြီးတယ်။ ညီညွတ်ရေးကို စနစ်တကျတည်ဆောက်နိုင်မယ်၊ တိုက်ပွဲပေါ်လစီမှန်ကန်မယ်ဆိုရင် ဒီနေ့ အခြေအနေဟာ အချိန်အခါကောင်းဖြစ်တယ်။ အားလုံးဟာ အပြောင်းအလဲတစ်ခုကို မျှော်လင့်နေကြပါပြီ။ ဒီအတွက်လည်း အဆင်သင့် ဖြစ်နေကြပြီ။ တိုက်ပွဲဟာ အောင်ပွဲနဲ့ အဆုံးသတ်သွားနိုင်မယ်လို့ ကျနော်ယုံတယ်။"

မဟာမိတ်ခေါင်းဆောင်များက NLD အပေါ် ချစ်ခင်တန်ဖိုးထားစိတ်အပြည့်နဲ့ ထောက်ပြဝေဖန်အကြံပြုခဲ့ကြပါတယ်။ အကြံပြု ဆွေးနွေးချက်တိုင်းဟာ NLD အတွက်သာမက ကနေ့ အခြေအနေကြီးတစ်ခုလုံးအတွက်ပါ လုပ်ငန်းလမ်းညွှန်တွေဖြစ်နေပါတယ်။ အခမ်းအနားဟာ နိုင်ငံရေးအနှစ်သာရတွေနဲ့ ပိုပြီးလှပ၊ ပိုပြီးကျက်သရေရှိ ပိုပြီးတင့်တယ်လို့ နေပါတော့တယ်။ ။

---

# NLD ကိုဝန်းရံသော အမျိုးသားနိုင်ငံရေးတပ်ပေါင်းစုတစ်ရပ် ဖွဲ့စည်းခြင်းနှင့် ပတ်သက်၍ မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု၏ အမြင်သဘောထား

ဤရက်ပိုင်းအတွင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား အပုတ်ချတိုက်ခိုက်ထားသောစာများ၊ လုပ်ရပ်များ၊ ရှုပ်ရှုပ်ထွေးထွေး ပေါ်ပေါက်နေပါသည်။

- ထိပ်ပိုင်းခေါင်းဆောင်မှု ပြောင်းလဲရေး စဉ်းစားသင့်ပြီ၊
- မူဝါဒနှင့် နည်းဗျူဟာများ ပြန်လည်သုံးသပ်ပြင်ဆင်သင့်ပြီ၊
- မြောင်းထဲရောက်နေသော မိမိပါတီကို ပြန်လည်ရှင်သန်အောင် နည်းလမ်းရှာသင့်ပြီ၊
- NLD အလံမှ ခွပ်ဒေါင်းကိုပြန်အပ်ပါ၊

... စသည့်တောင်းဆိုမှုများနှင့် မန္တလေးတိုင်း အနောက်တောင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးလင်းနှင့်အဖွဲ့၊ NLD မှ နုတ်ထွက်သည့် အခမ်းအနား ချမ်းသာဖံခန်းမတွင် တခမ်းတနား ကျင်းပခြင်း စသည့် လုပ်ရပ်များသည် နအဖစစ်အစိုးရအလိုကျ၊ စစ်အုပ်စုကို အလုပ်အကျွေးပြုသော လုပ်ရပ်များသာဖြစ်သည်။

ကျနော်တို့အမြင်မှာ ...

NLD သည် နအဖ စစ်အုပ်စု၏ အမျိုးမျိုးသောဖိနှိပ်မှုများကြားမှပင် တပ်ဦးအခန်းမှ မှန်မှန်ကန်ကန် ချီတက်လှုပ်ရှားနေနိုင်သည်ဟု မြင်ပါသည်။

- ၁၉၉၅ ခုနှစ်၊ နိုဝင်ဘာလတွင် NC အတုအယောင်မှ ထွက်လိုက်ခြင်း၊
- ၁၉၉၈ ခုနှစ်၊ စက်တင်ဘာလတွင် CRPP ကို ဖွဲ့စည်းလိုက်ခြင်း၊
- လူထုစည်းရုံးရေးခရီးစဉ်များကို အနှောက်အယှက် အဟန့်အတားများကြားမှပင် ရဲရဲရင့်ရင့် စည်းရုံးရေးထွက်ခဲ့ခြင်း၊
- ၂၀၀၄ ခုနှစ်၊ မေလ ၁၄ ရက်တွင် NC ကိုတက်ရောက်မှာ မဟုတ်ကြောင်း အကျိုးအကြောင်းခိုင်လုံစွာဖြင့် ထုတ်ပြန်လိုက်ခြင်း၊
- Signature- Campaign ဖြင့် ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးနှင့် နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေး၊ ရုံးခန်းများ ပြန်လည်ဖွင့်လှစ်ပေးရေး တောင်းဆိုသည့် ဆန္ဒသဘောထားများ အခက်အခဲများကြားမှ ရယူနေခြင်း၊
- တွေ့ဆုံဆွေးနွေးအဖြေရှာကြရန် တောက်လျှောက် တင်ပြတောင်းဆိုနေခြင်း၊

... စသည့် NLD ၏ မှန်ကန်သောလုပ်ရပ်များနှင့် အမြော်အမြင်ကြီးမှု၊ ခြေလှမ်းရှိမှုများကို ကျနော်တို့ အလေးအနက် တန်ဘိုးထားပါသည်။

စစ်အုပ်စုသည် NLD ကိုချေမှုန်းပစ်ဖို့ နည်းအမျိုးမျိုးဖြင့် ကြိုးစားနေပြီး ၉၀ ခုနှစ် ရွေးကောက်ပွဲရလဒ်ကိုလည်း ပျက်ပြယ်မှုန်ဝါးသွားစေအောင် အမျိုးမျိုးကြံစည်နေသည်။ အဆိုးဆုံးမှာ Road Map ခုနစ်ချက်ကို တဖက်သတ်ကြေညာပြီး ညောင်နှစ်ပင် ညီလာခံအတုအယောင်ကို ဖွတ်အတင်း ကျင်းပနေခြင်းဖြစ်သည်။

ထို့ကြောင့် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး အခြေအနေများမှာ မည်သည့်ကာလထက်မဆို အဆိုးဆုံးအခြေအနေသို့ ကျဆင်းနေရပါသည်။

ကျနော်တို့အမြင်အရ ... ယနေ့ ကြုံတွေ့ရင်ဆိုင်နေရသော ပြဿနာသည် –

- NLD နှင့် နအဖ စစ်အုပ်စုတို့ကြား၌သာ ဖြစ်ပွားနေရသော ပြဿနာမဟုတ်ပါ။
- ဒီမိုကရေစီလိုလားသည့် လူမျိုးပေါင်းစုံပြည်သူလူထုကြီးနှင့် စစ်အာဏာရှင်စနစ်ကို ပုံသဏ္ဍာန်အသစ်ဖြင့် ခိုင်မာသည်ထက် ခိုင်မာအောင် တည်ဆောက်လိုသည့် နအဖ စစ်အုပ်စုတို့ကြား ဖြစ်ပွားနေရသော ပြဿနာဖြစ်သည်။

သို့အတွက် တစ်ပါတီကောင်း၊ တစ်ဦးတစ်ယောက်ကောင်း ဖြေရှင်း၍ လုံးဝ ရနိုင်မည်မဟုတ်ပါ။ ကြီးမားကျယ်ပြန့်သည့် အမျိုးသား နိုင်ငံရေး တပ်ပေါင်းစုဖြင့်သာ ဖြေရှင်းကျော်လွှားကြရမှာ ဖြစ်ပါသည်။ ဤအချက်ကို လည်း NLD အပါအဝင် ဒီမိုကရေစီအင်အားစုအသီးသီးက အလေးအနက် လက်ခံ နားလည်ထားကြပြီးလည်း ဖြစ်ပါသည်။ UNLD၊ SNLD၊ UNA နှင့် ဝါရင့်နိုင်ငံရေးသမားကြီးများ၏ ရပ်တည်ချက်များတွင် ဤလေးနက်မှုကို အထင်အရှားတွေ့နေရသည်။ ယနေ့အခြေအနေတွင် NLD သည် တရားဝင် ပါတီတရပ်၏ လုပ်ပိုင်ခွင့်ကိုပင် မရနိုင်အောင် ဖိနှိပ်ခြိမ်းခြောက်ခံနေရပါသည်။

**စာမျက်နှာ ၉ သို့ –**

စာမျက်နှာ ၈ မှ –

ဤအကျပ်အတည်းအားလုံးကို ရင်ဆိုင်ကျော်လွှားဖို့ဆိုလျှင် NLD ပါဝင်သော (သို့) NLD ကိုဝန်းရံနိုင်သော အမျိုးသားနိုင်ငံရေး တပ်ပေါင်းစုတစ်ရပ်ကို နည်းနာကြွယ်ကြွယ်၊ အမြော်အမြင်ကြီးကြီးဖြင့် ဖွဲ့စည်းနိုင်ဖို့ အထူးလိုအပ်နေပြီဖြစ်ပါသည်။ နအဖစစ်အုပ်စုက စစ်အာဏာရှင်စနစ် တည်မြဲရေးအတွက် ဘက်ပေါင်းစုံပြင်ဆင်နေသည့်ကာလတွင် ကျနော်တို့ ဒီမိုကရေစီအင်အားစုများကလည်း တက်ကုန်ရှက်ကုန်ဖွင့်ပြီး အစွမ်းကုန် ရုန်းကန်လှုပ်ရှားကြရမည်ဖြစ်ပါသည်။

- ကြီးမားကျယ်ပြန့်သည့် တပ်ပေါင်းစုတစ်ရပ်ကို တည်ဆောက်နိုင်ဖို့၊
- ညီညွတ်ရေးကို အစွမ်းကုန်ထိန်းသိမ်းကြဖို့၊
- ယနေ့ အခြေအနေက တောင်းဆိုနေသော တိုက်ပွဲပေါ်လစီကို မှန်မှန်ကန်ကန် ချမှတ်နိုင်ဖို့၊
- အခွင့်အခါကောင်းကိုအရယူဖို့၊

ကျနော်တို့အားလုံး မျက်ခြေမပြတ် အသင့်ရှိကြရမည်ဖြစ်သည်။

သို့မှသာ ယနေ့ကြုံတွေ့နေရသော အခြေအနေဆိုးကြီးကို ကျော်လွှားနိုင်ပြီး ငြိမ်းချမ်းသည့်၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို အပြည့်အဝ အာမခံနိုင်သည့်၊ အမျိုးသားတန်းတူခွင့်နှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံနိုင်သည့် ဖက်ဒရယ်ပြည်ထောင်စုစစ်စစ်ကြီးကို တည်ဆောက်သွားနိုင်မည် ဖြစ်ပါသည်။ ။

---

## “ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ကိုဖီအန်နန်၊ လူ့အခွင့်အရေးအထူးကိုယ်စားလှယ် မစ္စတာပင်ညဲရိုး နှင့် ကုလသမဂ္ဂအထွေထွေညီလာခံလွှတ် နအဖဝန်ကြီး ဦးတင်ဝင်း”

‘လူအမြောက်အများအား ဆက်လက် အကျဉ်းချထားခြင်း၊ နိုင်ငံရေးလှုပ်ရှားမှုများအတွက် ပြင်းထန်သော ထောင်ဒဏ်များ ဆက်လက်ချမှတ်နေခြင်း၊ ဒီမိုကရေစီရေးလုပ်ဆောင်နေသော အဖွဲ့အစည်းများ၏ လုပ်ဆောင်မှုများအပေါ် ချုပ်ချယ် ကန့်သတ်မှုများ ဆက်လက်ပြုလုပ်နေခြင်းတို့ကြောင့် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး အခြေအနေမှာ တိုးတက်မှု မရှိသေး။’ ဟူသော မှတ်ချက်များပါဝင်သည့် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး အခြေအနေနှင့်ပတ်သက်၍ ကုလသမဂ္ဂ လူ့အခွင့်အရေး ကော်မရှင်၏ မြန်မာပြည်ဆိုင်ရာ အထူးစုံစမ်းစစ်ဆေးရေးမှူးဖြစ်သူ ဘရာဇီးနိုင်ငံသား ပါမောက္ခ မစ္စတာပင်ညဲရိုးက ကျင်းပနေဆဲ ကုလသမဂ္ဂ အထွေထွေညီလာခံသို့ စက်တင်ဘာလ ၂၇ ရက်နေ့က ၎င်း၏ ကြားဖြတ်အစီရင်ခံစာကို တင်သွင်းလိုက်သည်။

၎င်းက အမျိုးသားညီလာခံတွင် အနိမ့်ဆုံး ဒီမိုကရေစီပတ်ဝန်းကျင် အခြေအနေများအား အာမခံသော လိုအပ်သည့် လုပ်ဆောင်မှုများ မရှိခဲ့ကြောင်း ပြောဆိုပြီး ‘နိုင်ငံရေးအသွင်ကူးပြောင်းမှုရဲ့ စစ်မှန်တဲ့ လုပ်ငန်းစဉ်တစ်ခုကို အာမခံ မြှင့်တင်ချင်တယ်ဆိုရင်တော့ အစိုးရအနေနဲ့ အခြေခံလူ့အခွင့်အရေး လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးရပါ့မယ်’ ဟု ဖော်ပြထားသည်။

နယ်စပ်ဒေသရှိ အဖွဲ့အစည်းများနှင့် ဆက်သွယ်သည်ဟူသော စွပ်စွဲချက်ဖြင့် ပြီးခဲ့သည့် ဇွန်လက ဖမ်းဆီးထားခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်နှစ်ဦးဖြစ်သူ မသန်းသန်းဌေးနှင့် ကိုတင်မြင့် တို့နှစ်ဦးအား ၎င်း၏ အစီရင်ခံစာတွင် အထူးပြုဖော်ပြထားပြီး ‘သူတို့ ဘယ်မှာရှိနေတယ်ဆိုတာ သိရတဲ့ပုံ မရှိပါဘူး။ နှစ်ရှည်ထောင်ဒဏ် ချမှတ်ခံရဖို့ကတော့ အတော့်ကို အလားအလာရှိနေပါတယ်။’ ဟုပြောသည်။

မစ္စတာပင်ညဲရိုး၏ အစီရင်ခံစာပါ ရက်စွဲမှာ ဩဂုတ်လ ၃၀ ရက်နေ့ဖြစ်ပြီး မသန်းသန်းဌေးနှင့် ကိုတင်မြင့်တို့အပါအဝင် လေးဦးအား စက်တင်ဘာလ ၂၃ ရက်နေ့က ထောင်ဒဏ် ၇ နှစ်စီ ချမှတ်လိုက်ခဲ့ပြီးဖြစ်သည်။

အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာကိုဖီအန်နန်ကလည်း မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေနှင့် ပတ်သက်သည့် ၎င်း၏ ဩဂုတ်လ ၁၆ ရက်စွဲပါ အစီရင်ခံစာအား တင်သွင်းခဲ့သည်။

ထိုအစီရင်ခံစာတွင် ကိုဖီအန်နန်က ၎င်း၏ အထူးကိုယ်စားလှယ်ဖြစ်သူ မစ္စတာရာဇာလီအား မြန်မာအစိုးရက ပြောကြားခဲ့သည့် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှု အစီအစဉ်အဆင့်ဆင့်တွင် အားလုံးပါဝင်နိုင်စေရမည် ဟူသော အာမခံချက်အား ပြန်လည်သတိပြုရင်း –

အမျိုးသားညီလာခံအား ဇူလိုင်လ ၉ ရက်နေ့က ရပ်နားထားခဲ့ခြင်းအား အခွင့်အလမ်းတစ်ခုအဖြစ် အသုံးပြုလျက် အထူးဦးစားပေးအနေဖြင့် ဒေါ်အောင်ဆန်းစုကြည်အပေါ် ကန့်သတ်ချုပ်ချယ်ထားမှုများ အားလုံး ရုပ်သိမ်းရန်၊

ဒေါ်အောင်ဆန်းစုကြည်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့နှင့် စစ်မှန်သော တွေ့ဆုံဆွေးနွေးမှုတစ်ခု ချက်ချင်းစတင်ရန်၊

အမျိုးသားညီလာခံ၏ လုပ်ငန်းအဆင့်ဆင့်တွင် အားလုံးပါဝင်နိုင်ရေးနှင့် ပွင့်လင်းမှုရှိရေးတို့အား အာမခံသော လိုအပ်သည့် လုပ်ဆောင်မှုများ ပြုလုပ်ရန်၊

အပစ်ရပ် တိုင်းရင်းသားအဖွဲ့အစည်းများက တင်ပြထားချက်များ အပါအဝင် ကိုယ်စားလှယ်အားလုံးတို့၏ အမြင်များကို ကျေနပ်ဖွယ် လုံလောက်သည့် ထည့်သွင်းစဉ်းစားမှုများ ပြုလုပ်ရန်၊

တို့အား ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် နအဖ၏ အဆင့်မြင့်ခေါင်းဆောင်များကို တိုက်တွန်းလိုက်သည်။

နိဂုံးချုပ်တွင် ကုလ အထွေထွေအတွင်းရေးမှူးချုပ်က မြန်မာနိုင်ငံတွင် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးတို့ ဖြစ်ပေါ်စေရန် ရေးရှူသော တာရှည်ခံသည့် တိုးတက်မှုများ ဖြစ်ထွန်းလာနိုင်ရေးအတွက် နိုင်ငံတကာအဝန်းအဝိုင်းနှင့် ပူးပေါင်းဆောင်ရွက်ရင်း နောက်ထပ် လိုအပ်သော လုပ်ဆောင်မှုအဆင့်များ ပြုလုပ်သွားရေးအတွက် ၎င်း၏ ခိုင်မာသည့် သန္နိဋ္ဌာန်အား အတည်ပြုကြောင်း ဖော်ပြထားသည်။

သို့သော် စက်တင်ဘာလ ၂၉ ရက်နေ့က ပြောကြားခဲ့သည့် ကုလသမဂ္ဂ အထွေထွေညီလာခံ တက်ရောက်ရန် စေလွှတ်ထားသော နအဖဝန်ကြီး ဦးတင်ဝင်း၏ မိန့်ခွန်းတွင် ‘နိုင်ငံရဲ့အနာဂတ်ကို လူတစ်ယောက်ထဲ ဒါမှမဟုတ် တစ်ဖွဲ့တည်းပေါ် မူတည်ပြီး အကဲဖြတ်လို့ မရပါဘူး။ ဘယ်အခြေအနေမျိုးအောက်မှာမှ အမျိုးသားညီလာခံ လမ်းကြောင်းလွဲသွားတာကို ခွင့်မပြုပါဘူး။’ ဟူ၍ ချေပလိုက်သည်။

ထို့ပြင် အစိုးရသစ်ဖွဲ့စည်းရေးဦးတည်သည့် အမျိုးသားညီလာခံတစ်ခုသည်သာလျှင် တိုင်းပြည်၏ ၁၃၅ မျိုးသော တိုင်းရင်းသားလူမျိုးစုများ ညီညွတ်ရေးအတွက် တစ်ခုတည်းသော နည်းလမ်းဖြစ်ကြောင်းလည်း လက်ရှိချမှတ်ထားသည့် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှု အစီအစဉ်အဆင့်ဆင့်အား ရည်ညွှန်းရင်း ထည့်သွင်းပြောဆိုသွားသည်။ ။